Network for Human Rights Documentation - Burma ND-Burma

KWAT

Spring Archive

# ဗုံးကြဲတိုက်ခိုက်ခြင်း။ မြန်မာစစ်အာဏာရှင်တို့မှ သတိပေးခြင်းမရှိပဲ စစ်ရှောင်စခန်းအား ပစ်မှတ်ထားတိုက်ခိုက်ခြင်း

## အောက်တိုဘာလ ၂၀၂၃





ဓာတ်ပုံ -အောင်ဂျာ



“

*“ပေါက်ကွဲမှု မဖြစ်ခင် လက်နက်ကြီးပစ်သံ ကျမကြားရတယ်။ ဒါပေမယ့် ဘယ်နေရာကို ကျသွားမှန်းမသိလိုက်ဘူး။ ဒါပုံမှန်ဖြစ်နေကျလို့ပဲ ထင်ထားတာ။ မိနစ်နည်းနည်းကြာတော့ လေယဉ်သံကြားရတယ်။ ဗုံးကျကျခြင်း ကျမအိမ်က တုန်ခါသွားတာပဲ။ အဲဒီအချိန်တုန်းက စက်တင်ဘာလမှာ မွေးတဲ့ ကျမကလေးကို နို့တိုက်နေတုန်းဆိုတော့ ကျမမအိပ်သေးဘူး”[၁]။*

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် မြန်မာစစ်အာဏာရှင်တပ်၏ တိုက်ခိုက် မှုကြောင့် တရုတ်-မြန်မာနယ်စပ်အနီးရှိ မုန်လိုင်ခတ် စစ်ရှောင်စခန်းမှ စစ်ပြေ ဒုက္ခသည်များ ထိခိုက်သေဆုံးကြရသည်။ ယခု စာတန်းငယ်အား လူ့အခွင့်အရေး မှတ်တမ်းကွန်ရက် - မြန်မာနိုင်ငံ (ND-Burma)၊ ကချင် အမျိုးသမီးအစည်းအရုံး ထိုင်းနိုင်ငံ (KWAT), Spring Archive နှင့် လူ့အခွင့်အရေးနှင့် ကောင်းမွန်သည့် အုပ်ချုပ်ရေးအဖွဲ့ (နွေဦးတက္ကသိုလ်)မှ အလုပ်သင်များ ပူးပေါင်းပြုစုထားခြင်းဖြစ်ပါသည်။ Spring Archive နှင့် အလုပ်သင်များက မုန်လိုင်ခတ်စခန်းတိုက်ခိုက်ခံရမှုနှင့်ပတ်သက်ပြီး သတင်းမီဒီယာနှင့် လူမှုရေးကွန်ရက်စာမျက်နှာများကို စောင့်ကြည့်လေ့လာ မှတ်တမ်းတင်ခဲ့ပြီး၊ ND-Burma နှင့် KWAT တို့က မုန်လိုက်ခတ်စခန်းမှ အသက်ရှင်လွတ်မြောက်လာသူများနှင့် လူသားချင်းစာနာသည့် အကူအညီပေးနေသည့် ဒေသခံအဖွဲ့အစည်းများအား မေးမြန်းမှတ်တမ်းတင်ခဲ့သည်။ တွေ့ဆုံမေးမြန်းဖြေဆိုသူများ၏ အမည်မှာ ၎င်းတို့၏ အမည်ရင်းများ မဟုတ်ပါ။

---

၁။ Testimony of survivor of the Mung Lai Hkyet bombing, from an interview conducted by KWAT

# နိဒါန်း

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မြန်မာစစ်တပ်သည် တိုင်းပြည် အာဏာကို မတရား သိမ်းယူခဲ့သည်။ အကျိုးဆက်အနေဖြင့် စစ်အာဏာရှင် ဆန့်ကျင် ရေးလှုပ်ရှားမှုများ တတိုင်းပြည်လုံး မကြုံဖူးအောင်ပေါ်ပေါက်ခဲ့သည်။ စစ်အာဏာသိမ်း မှုကို ဆန့်ကျင်ဆန္ဒပြသည့် ပြည်သူလူထုအား စစ်အာဏာရှင်များမှ ရက်ရက်စက်စက် နှိမ်နင်းခဲ့ပြီးနောက် လူပေါင်း ၄,၁၆၀ ဦး သေဆုံးခဲ့ပြီး ၂၅,၃၅၃ ဦး အဖမ်းခံရကာ ၁၉,၆၃၂ ဦးမှာ ဖမ်းဆီးခံနေရဆဲဖြစ်သည်[၂]။

ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြု ကော်မတီ (CRPH)[၃], အမျိုးသား ညီညွတ်ရေးအစိုးရ (NUG)[၄], အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC)[၅] တို့ ဖွဲ့စည်းခြင်းအပါအဝင် စစ်အာဏာရှင်တို့အား နည်းမျိုးစုံဖြင့် ဆန့်ကျင်ကြသည်။ ခုခံတော်လှန်ရေးအတွက် လက်နက်ကိုင်အင်အားအဖြစ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) ကို NUG မှ၂၀၂၁ ခု နှစ် မေလတွင် စတင်ဖွဲ့စည်းခဲ့သည်။ ထို့နောက် သမိုင်း တလျှောက် လက်နက်ကိုင်ပဋိပက္ခမရှိခဲ့သည့် စစ်ကိုင်း၊ မကွေးဒေသအပါအဝင် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များ (EROs) ထိန်းချုပ်သည့် ဒေသများတွင်ပါ ဒေသခံ ကာကွယ်ရေးတပ်ဖွဲ့များ (PDF) များဖွဲ့စည်းခဲ့သည်။ တချို့ PDF တပ်ဖွဲ့များမှာ NUG အမိန့်ပေး ထိန်းချုပ်အောက်တွင်ရှိပြီး အချို့မှာ NUG လက်အောက်တွင် မရှိပေ။

ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကရင်နီ (ကယား) ပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့မှာ တခြားဒေသများကဲ့သို့ပင် စစ်အာဏာရှင် တို့၏ မြေပြင်နှင့် လေကြောင်းမှ ပစ် မှတ်ထား တိုက်ခိုက်ခြင်းခံနေရသည်။ UNHCR စာရင်းများအရ တိုင်းပြည်တွင်း စစ်ရှောင်နေရသည့် ဒုက္ခသည်များမှာ စစ်အာဏာသိမ်း ချိန်က ၃၀၆,၂၀၀ ဦးရှိရာမှ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၃ ရက် နေ့တွင် ၁,၆၅၉,၆၀၀[၆] ဦး သို့ မြင့်တက်သွားခဲ့သည်။

---

၂။ "Daily Briefing in Relation to the Military Coup", AAPP, October 27, 2023.

၃။ The CRPH was established in February 2021 by ousted MPs and lawmakers who had been elected in the national election in November 2020.

၄။ The NUG was established in April 2021, with representatives appointed by the CRPH and NUCC. Is sometimes referred to as the shadow government of Myanmar.

၅။ The NUCC, established in March 2021, represents a coalition of anti-coup actors, including the CRPH, NUG, CDM groups, general strike councils, CSOs and EAO representatives. It serves as a consultative council to the CRPH and NUG to ensure inclusion of a broader range of the political spectrum.

၆။ "Myanmar Emergency Overview Map: Number of people displaced since Feb 2021 and remain displaced (as of 23 Oct 2023)", UNHCR, 26 October 2023.

အာဏာသိမ်းပြီးချိန်မှစ၍ စစ်အာဏာရှင်တို့အနေဖြင့် တိုင်းပြည်ကို ထိန်းချုပ်နိုင်စွမ်းမရှိပေ။ မြန်မာဆိုင်ရာ အထူးအကြံပေးကော်မတီ (SAC-M) မှ ၂၀၂၂ ခုနှစ်တွင် ထုတ်ပြန်သည့် အစီရင်ခံစာတွင် စစ်အာရှင်တို့သည် တိုင်းပြည်၏ မြေနှုယ် ၂၀% ခန့်ကိုသာ ထိန်းချုပ်နိုင်သည်ဟု ဖော်ပြထားသည်[၇]။ ကျန်သည့်ဒေသများကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် PDFs များက ထိန်းချုပ်ထားခြင်း (သို့မဟုတ်) အကြီးအကျယ် တိုက်ပွဲများဖြစ်ပွားနေသည်။

စစ်တပ်အာဏာသိမ်းမှုကို ပြင်းပြင်းထန်ထန် ဆန့်ကျင်ပြီး NUG အား ထောက်ခံကာ PDFs များအား ၎င်းတို့ ထိန်းချုပ်ထားသည့်နယ်မြေတွင် အကူအညီပေးနေသည့် တချို့အင်အားကြီး တိုင်းရင်းသား တော်လှန်ရေးအဖွဲ့များမှာ စစ်အာဏာရှင်တပ်များ၏ တိုက်ခိုက်ခြင်းခံနေရသည်။ မအောင်မြင်သည့် အာဏာသိမ်းမှုအပြီး ပေါ်ပေါက်လာသည့် အတိုက်အခံ အင်အားစုအမျိုးမျိုးကို စစ်အာဏာရှင်တို့က အကြမ်းဖက်သည့် နည်းလမ်းဖြင့် ဆက်လက်တိုက်ခိုက်နေခြင်းလည်းဖြစ်သည်။

---

၇။ "Briefing Paper: Effective Control In Myanmar", Special Advisory Council Myanmar, September 12th 2022.



တ်ထား တိုက်ခိုက်ခြင်း

# ကချင်ပြည်နယ်

အာဏာသိမ်းချိန်မှစပြီး မြန်မာပြည်မြောက်ဖျားရှိ ကချင်ပြည်နယ်မှာ တိုက်ပွဲများအပြင်းအထန် ဖြစ်ပွားသည့် ဒေသများအနက်မှ တခုအပါအဝင်ဖြစ်သည်။ ကချင်လွတ်လပ်ရေးတပ်မတော် (KIA) နှင့် စစ်အာဏာရှင်တပ်များအကြား အပစ်အခတ်ရပ်စဲရေး ကျိုးပျက်ခဲ့သည့် ၂၀၁၁ ခုနှစ်မှစ၍ တိုက်ပွဲများဆက်တိုက်ဖြစ်ပွားနေခြင်းဖြစ်သည်။ ထို့ကြောင့် ကချင်ပြည်သူများမှာ တိုက်ပွဲသံသရာအတွင်း ပိတ်မိနေကြပြီး ဆင်းရဲမှုနှင့် ရွှေ့ပြောင်းနေထိုင်ရမှုများ ဆယ်စုနှစ်နှင့်ချီ၍ရှိနေသည်။ အာဏာသိမ်းမှုကြောင့် တိုက်ပွဲများပိုများလာပြီး UNHCR စာရင်းများအရအာဏာမသိမ်းမီက စစ်ရှောင်ဒုက္ခသည် ၈၆,၃၀၀ ရှိရာမှ ၁၁၀,၇၀၀ သို့ များပြားလာသည်[၈]။ သို့သော်လည်း အဆိုပါအချက်အလက်များမှာ မြေပြင်တွင် လက်တွေ့ဆောင် ရွက်နေသည့် အရပ်ဖက်အဖွဲ့များ၏ ကိန်းဂဏာန်းနှင့် ကွဲလွဲနိုင်သည်။


ကရင်ငြိမ်းချမ်းရေး အထောက်အကူပြုကွန်ရက် (KSPN) မှ "UNOCHA ၏ စာရင်းဇယားများသည် မြန်မာပြည်တောင်ပိုင်းရှိ စစ်ရှောင်လူဦးရေကို အကြီးအကျယ်လျှော့နည်းစွာ ဖော်ပြနေသည်။ ၎င်း တို့၏ ၂၀၂၃ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့ အစီရင်ခံစာတွင် ကော်သူးလေဒေသရှိ စစ်ရှောင်အရေအ တွက်ကို ၃၂,၆၀၀ ဟု ဖော်ပြထားသည်။ ရန်ကုန်အခြေစိုက် UN အဖွဲ့အစည်းများသည် စစ်အာဏာ ရှင်တို့၏ ကန့်သတ်မှုအောက်တွင် လုပ်ငန်းလည်ပတ်ရသည်ဖြစ်ရာ ကော်သူးလေနယ်မြေ အများစုကို လက်လှမ်းမီခြင်းမရှိဘဲ ၎င်းတို့၏ ကိန်းဂဏာန်းမှာ မေးခွန်းထုတ်စရာဖြစ်သည်။ အထူးသဖြင့် လူသားချင်းစာနာထောက်ထားသည့် ငွေကြေးအကူအညီများကို ရန်ကုန်မှတဆင့် လမ်းကြောင်းဖွင့်ထားသည့် အလှူရှင်နိုင်ငံများကိုလည်း မေးခွန်းထုတ်စရာဖြစ်သည်"[၉] ဟု ၎င်းတို့ အစီရင်ခံစာတွင် မှတ်ချက်ပြုထားသည်။

မြန်မာစစ်တပ်မှ ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတို့တွင် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကချင်အမျိုးသမီးအစည်းအရုံး (KWAT) မှ မှတ်တမ်းတင်ထားသော ***"သွေးစွန်းနေသော တံခါးပေါက်များ- ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ စစ်ကောင်စီ၏ လူ့အခွင့်အရေးချိုး ဖောက်မှုများ ပိုမိုပြင်းထန်လာခြင်းသည် BRI - ပိုးလမ်းမစီမံကိန်း တိုးချဲ့မှုကို လမ်းခင်းပေးနေသည် (၂၀၂၃ ခုနှစ် အောက်တိုဘာလ)"***

---

၈။ "Myanmar Emergency Overview Map: Number of people displaced since Feb 2021 and remain displaced (as of 23 Oct 2023)", UNHCR, 26 October 2023.
၉။ "A shifting power balance Junta control shrinks in southeast Burma", KSPN, 26th September 2023.

ဆိုသည့် အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။ အစီရင်ခံစာတွင် အရပ်သားနေရာများအား လေကြောင်းတိုက်ခိုက်ခြင်း၊ ရမ်းသမ်းပစ်ခတ်ခြင်း၊ အတင်းအကြပ်ဖမ်းဆီးခြင်း၊ မီးရှို့ ခြင်းနှင့် အရပ်သားများအား လူသားဒိုင်းကာအဖြစ် အသုံးပြုကြောင်း ဖော်ပြထားသည်။ ၂၀၂၂ ခုနှစ် အောက်တိုဘာလက ဖားကန့်မြို့နယ် အာနန့်ပါတွင် စစ်တပ်၏ လေကြောင်း တိုက်ခိုက်မှုကြောင့် အရပ်သား ထိခိုက် သေဆုံးမှုများအားလည်း KWAT မှ မှတ်တမ်း တင်ခဲ့သည်[၁၀]။




၁၀။ "Bloodstained Gateway: Escalating SAC abuses in Northern Burma Pave the way for BRI expansion", Kachin Women's Association Thailand (KWAT), 9th October 2023.

အစီရင်ခံစာတွင် လေကြောင်းတိုက်ခိုက်မှုသည် ကချင်လွတ်လပ်ရေးတပ်မတော်(KIA)[၁၁] က လွယ်ဂျာစခန်းအား စစ်တပ်၏သိမ်းယူမှုမှ ကာကွယ်နိုင်သည်ကို လူမဆန်မှုနှင့်အချိုးမညီစွာ လက်တုန့်ပြန်ခြင်းဖြစ်သည်ဟု အတည်ပြုဖော်ပြထားသည်။ ထိုတိုက်ခိုက်မှုသည် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေကို ချိုးဖောက်ခြင်းဖြစ်ပြီး အရပ်သားများအပေါ် မတရားပစ်မှတ်ထားတိုက်ခိုက်သည့် နမူနာလည်းဖြစ်သည်[၁၂]။ ယခင်ကလည်း စဉ်ဆက်မပြတ် မှတ်တမ်းတင်ထားမှုများအရ ဒေသခံပြည်သူများမှ တော်လှန်ရေးတပ်ဖွဲ့များအား ထောက်ခံသည့်အတွက် စုပေါင်းပြစ်ဒဏ်ခတ်သည့် ပုံစံလည်းဖြစ်သည်။ ထိုသို့သမိုင်းဝင် အဖွဲ့အစည်းလိုက် လက်စားချေမှုကို လေကြောင်းတိုက်ခိုက်မှု၊ မြေလှန်စနစ်ကျင့်သုံးမှု၊ အတင်းအကြပ်နှင်ထုတ်မှု၊ မတရားဖမ်းဆီးမှုနှင့် လူသားဒိုင်းအဖြစ် အသုံးပြု၍ တိုက်ပွဲများဖြစ်ပွားနေသည့်ဒေသများတွင် စစ်တပ်မှ ကျင့်သုံးလျှက်ရှိသည်။

ယခုအချိန်ထိတိုင် ကျင့်သုံးနေဆဲဖြစ်ပြီး ကုလသမဂ္ဂဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) မှ လူ့အခွင့် အရေးကောင်စီသို့ တင်သွင်းသည့် ၂၀၂၃ ခုနှစ် စက်တင်ဘာလ အစီရင်ခံစာတွင် စစ်တပ်မှအရပ်သားများအား အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခြင်း၊ ခန္ဓာကိုယ်အစိတ်အပိုင်းများအား ပိုင်းဖြတ်ခြင်း၊ အဓမ္မပြုကျင့်ခြင်း၊ ခေါင်းဖြတ်သတ်ဖြတ်ခြင်း၊ ဓားဖြင့်ထိုးသတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် လူသားဒိုင်းအဖြစ်အသုံးပြုကြောင်း ဖော်ပြထားသည်[၁၃]။

မြန်မာနိုင်ငံဆိုင်ရာလွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား (IIMM) ၏ အစီရင်ခံစာတွင် *“သတင်းအချက်အလက်များ စုဆောင်းခြင်းနှင့် သုံးသပ်မှုများအရ မြန်မာစစ်တပ်နှင့် လက်အောက်ခံ ပြည်သူ့ စစ်များမှ စစ်ရာဇဝတ်မှုများကို ပြောင်ပြောင် တင်းတင်း အကြိမ်ကြိမ် ကျူးလွန်မှုများ တိုးများလာသည့် ခိုင်မာသောသက်သေများရှိသည်”*[၁၄]။

---

၁၁။ The KIA is the armed wing of the KIO, established in 1961

၁၂။ “International Human Rights Law”, OHCHR.

၁၃။ “A/HRC/54/59: Situation of human rights in Myanmar - Report of the United Nations High Commissioner for Human Rights”. 19th September 2023.

၁၄။ “Press Release: War crimes by Myanmar military are more frequent and brazen – Myanmar Mechanism Annual Report”, IIMM, 8th August 2023.

ငင်းတို့၏ အစီရင်ခံစာတွင် ဆက်လက်၍ *"ထိုသို့ တိုက်ခိုက်မှုများသည် ၂၀၂၃ခု နှစ် ဧပြီလတွင် စစ်ကိုင်းတိုင်းအတွင်း လေကြောင်းတိုက်ခိုက်မှုကြောင့် လူပေါင်း၁၅၅ဦး ကျော် သေဆုံးသကဲ့သို့ လေကြောင်းမှ ရမ်းသမ်းပစ်ခတ်ခြင်း သို့မဟုတ် စစ်ရေး အကျိုးအမြတ်ထက် အရပ်သားထိခိုက် သေဆုံးမှုများပြားသည့် အချိုးမညီခြင်းအပါ အဝင် စစ်ရာဇဝတ်မှု ကျူးလွန်ခြင်း"* [၁၅]ဟု ဖော်ပြထားသည်။

*"မြန်မာပြည်က အသက်သေဆုံးမှုတိုင်းဟာ ကြေကွဲစရာတွပါ ဒါပေမယ့် လေကြောင်းတိုက်ခိုက်မှုတွေ ရွာတွေမီးရှို့တိုက်ခိုက်ခံရမှုတွေ ကနေဖြစ်လာတဲ့ ပျက်စီး ဆုံးရှုံးမှုကတော့ အထူးထိတ်လန့် တုန်လှုပ်စရာပါပဲ"* ဟု ယန္တရား၏ အကြီးအကဲဖြစ် သူ နီကိုလပ် ကုမ်ဂျန် (Nicholas Koumjian)က ပြောသည်။ *"ကျနော်တို့ရဲ့ သက်သေ အထောက်အထားတွေအရ စစ်ရာဇဝတ်မှုနဲ့ လူသားမျိုးနွယ်အပေါ်ကျူးလွန်တဲ့ပြစ်မှု တွေ မယုံနိုင်စရာ များပြားလာတာနဲ့အတူ အရပ်သားတွေအပေါ် ကျယ်ကျယ် ပြန့်ပြန့် နဲ့ စနစ်တကျ ကျူးလွန်နေတာ တွေ့ရတယ်။ ကျူးလွန် သူတဦးချင်း တာဝန်ခံဖို့အတွက် တ ရားစွဲဆိုတင်ပြဖို့ ကျနော်တို့ အမှုတွဲတွေ ပြင်ဆင်နေပါတယ်"*[၁၆] ဟု ပြောသည်။



*မုန်လိုင်ခတ် စခန်း တိုက်ခိုက်ခံရပြီးနောက် နေအိမ်များအားလုံး ပျက်စီးသွားပုံ။*
*(ဓာတ်ပုံ အောင်ဂျာ)*

---

၁၅။ Ibid.
၁၆။ Ibid.



# မုန်လိုင်ခတ် စခန်း တိုက်ခိုက်ခံရမှု

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့ည ၁၁ နာရီခွဲခန့်တွင် လူအသေအပျောက်များသည့် ဝိုင်းမော်မြို့နယ်အတွင်းရှိ မုန်လိုင်ခတ် စစ်ရှောင်စခန်း တိုက်ခိုက်ခံရသည်။ တိုက်ခိုက်မှုကြောင့် ကလေး ၁၁ ဦး အပါအဝင် လူ ၂၉ ဦး သေဆုံးပြီး ၇၆ ဦးဒဏ်ရာရခဲ့သည်။ စစ်ရှောင်စခန်းမှာလည်း ရစရာမရှိအောင် ပျက်စီးသွားပြီး စစ်ရှောင်စခန်းအနီးရှိ ရွာလည်းပျက်စီးသွားသည်။ မုန်လိုင်ခတ်စခန်းတွင် အိမ်ထောင်စုပေါင်း၁၆၈စုရှိပြီး လူဦးရေ ၈၅၆ ဦးရှိသည်။ တိုက်ခိုက်မှုအတွင်း မိသားစု တစုလုံး သေဆုံးသွားသည်။ အသက်ရှင်ကျန် လွတ်မြောက်သူများမှာ ဝေကျောင် စစ်ရှောင်စခန်းနှင့် အနီးရှိဘုရားကျောင်းတွင် ခိုလှုံနေရသည်။ ယခုတိုက်ခိုက်ခံရသည့် စစ်ရှောင်များမှာ ဝေကျောင်စစ်ရှောင်စခန်း တွင် လူဦးရေများပြားလာသဖြင့် ၂၀၁၆ ခုနှစ်တွင် မုန်လိုင်ခတ်သို့ ပြောင်းရွှေ့သွားခြင်းဖြစ်သည်။ မုန် လိုင်ခတ်စခန်းမှ ၂ မိုင်ခန့်အကွာတွင်ရှိသည့် ကချင်အမျိုးသားလွတ်လတ်ရေးအဖွဲ့ (KIO) ဌာနချုပ်ရှိ လူများမှလည်း ပေါက်ကွဲမှုအရှိန်ကို ခံစားရသည်ဟု ဆိုသည်။

KIA မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး နော်ဘူက “KIA ၏ စုံစမ်းစစ်ဆေးမှုအရ စစ်တပ်၏ ဒရုန်းဖြင့် တိုက်ခိုက်မှုတွင် ကြီးမားသည့် ဗုံးအသုံးပြုခဲ့သည်” ဟု AFP သတင်းဌာနသို့ ပြောကြားသည်။ စစ်အာ ဏာရှင်တို့က ထိုသို့စွပ်စွဲမှုကို ငြင်းဆိုခဲ့သည်[၁၇]။

၁၇။ “My house was shaking’: deadly strike leaves Kachin camp ruined, deserted”, AFP, 11th October 2023.

KIA မှ ဗိုလ်ချုပ်ဂွမ်မော် က ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် BBC သို့ ပြောဆိုရာတွင် *“ဘယ်လို လက်နက်မျိုး သူတို့ (စစ်တပ်) အသုံးပြုခဲ့တယ်ဆိုတာ ကျနော်တို့ အတိအကျမသိပါဘူး။ စစ်အာဏာ ရှင်တွေအနေနဲ့ လက်နက်ကြီးနဲ့ပစ်ပြီး ပေါက်ကွဲသွားတာပဲ။ မပေါက်ကွဲသေးတဲ့ လက်နက်ကြီးကျည် တွေလည်း အဲဒီပတ်ဝန်းကျင်မှာ တွေ့တယ်။ နောက်နေ့မှာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက အဲဒီအမြောက်တပ်ဖွဲ့ကို ဆုငွေချီးမြှင့်တယ်ဆိုတဲ့ သတင်းတွေလည်း ကျနော်တို့မိတ်ဆွေတွေဆီက ခိုင်ခိုင်လုံလုံ သိရပါတယ်။ (စစ်တပ်က စွပ်စွဲသလို) ယမ်းပေါက်ကွဲလို့မဟုတ်ဘူးဆိုတာ ကျနော်တို့ အခိုင်အမာပြောနိုင်ပါတယ်။ အဲဒီညက ကျနော်တို့ စုံစမ်းစစ်ဆေးရေးလုပ်တယ် ယမ်းအနံ့တွေ မရှိ ဘူး၊ ယမ်းနဲ့ မီးလောင်ထားတာတွေ မရှိဘူး[၁၈]”*



*စစ်အာဏာရှင်တပ်မှ တိုက်ခိုက်ပြီးနောက် အကြီးအကျယ်ပျက်စီးသွားသည့် မုန်လိုင်ခတ် စခန်းမှ နေအိမ်များ။ (ဓာတ်ပုံ အောင်ဂျာ)*

စစ်အာဏာ သိမ်းပြီးချိန်မှစ၍ ကချင်ပြည်နယ်အတွင်း ပဋိပက္ခများ လေ့လာနေသည့် မဟာဗျူဟာ လေ့လာရေး နိုင်ငံတကာအဖွဲ့က ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၃ရက်တွင် ထုတ်ပြန်သော အစီရင်ခံစာအရ ပျက်စီးဆုံးရှုံးမှု အနေအထားအရ ပစ်ခတ်တိုက်ခိုက်လိုက်သည့်ဗုံးသည် သိုလှောင်ထားသည့် (သို့မဟုတ်) အမိုနီယမ်နိုက်တြိတ် သိုလှောင်ထားသည့် ဂိုဒေါင် (သို့မဟုတ်) မည်သည့်အရာမှန်းမသိသည့် လက်နက်ခဲယမ်းများအပေါ်ကျရောက်၍ ထပ်မံပေါက်ကွဲမှုဖြစ်သည်ဟု ဖော်ပြထားသည်[၁၉]။

---

၁၈။ “KIA General Gwan Maw exclusive interview with BBC Burmese”, BBC, 30th October 2023.

၁၉။ “Myanmar regime brings significant escalation to the doorstep of key opponent” IISS, 23rd October 2023

တချိန်တည်းတွင်ပင် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (AI)[၂၀] နှင့် လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့ (HRW)[၂၁] တို့က ပျက်စီးထိခိုက်မှုသည် စစ်အာဏာရှင်တို့၏ လေကြောင်း တိုက်ခိုက်မှုကြောင့်ဖြစ်ပြီး မုန်လိုင်ခတ်စခန်းတိုက်ခိုက်ခံရမှုသည် စခန်းထိုင်ထားသည့် စစ်အာဏာရှင် တပ်များမှ မော်တာဖြင့် ပစ်ခတ်ခြင်းကြောင့် ဖြစ်သည်ဟုဖော်ပြထားသည်။ ယခုအစီရင်ခံစာ ရေးသည့်အချိန်ထိ ပေါက်ကွဲမှုသည်စစ်အာဏာရှင်တို့၏ တိုက်ခိုက်မှုကြောင့်သာ ဖြစ်သည် (သို့မဟုတ်) စစ်အာဏာရှင်တို့၏ ပစ်ခတ်မှုကြောင့် လက်နက်ဂိုဒေါင်ထိမှန်၍ ပေါက်ကွဲခြင်း ဖြစ်သည်ကို သဲသဲကွဲကွဲမသိသေးပေ။ စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်နေသကဲ့သို့ စစ်အာဏာရှင်တို့ ပြောဆိုမှုမှလွဲ၍ ကျန်သည့်အစီရင်ခံစာများက စစ်တပ်က အရပ်သားနေထိုင်ရာ နေရာများအပေါ် တိုက်ခိုက် ခြင်းဖြစ်သည်ကို သဘောတူကြသည်။

စစ်အာဏာရှင်တို့မှ KIO ထိန်းချုပ်နယ်မြေများအား စဉ်ဆက်မပြတ် တိုက်ခိုက်နေခြင်းဖြစ်ပြီး ဩဂုတ်လ ၂၇ ရက်နေ့တွင် လိုင်ဇာအနီး နမ်ဆမ်ယန်ရွာ မြောက်ဖက်ရှိ အောင်ဂျာယန်းရွာများအား လေကြောင်းတိုက်ခိုက်ခြင်းတို့ ဖြစ်သည်[၂၂]၊ စက်တင်ဘာ ၉ ရက်နေ့တွင် လိုင်ဇာ နှင့် ဒွေ့ဖုန်းယန် တို့အား ဗုံးကြဲတိုက်ခိုက်၍ ဆရာမ ၂ ဦး ဒဏ်ရာရခြင်း[၂၃] နှင့် စက်တင်ဘာ ၂၅ ရက်တွင် မိုးမိတ်မြို့နယ်အတွင်းရှိ မဒီယန်းနှင့် အောင်ဂျာယန်းရွာများအား လေကြောင်းတိုက်ခိုက်ခြင်းတို့ဖြစ်သည်[၂၄]။ မုန်လိုင်ခတ်စခန်း တိုက်ခိုက်ခံရပြီးနောက် အောက်တိုဘာ ၃၁ ရက်နေ့ နေ့လည်တွင် လိုင်ဇာအား စစ်တပ်၏ တိုက်လေယဉ်များက အနည်းဆုံး ၃ ကြိမ် တိုက်ခိုက်ခဲ့သည်။[၂၅] လိုင်ဇာအား နိုဝင်ဘာ ၁ ရက်နေ့တွင် ထပ်မံ၍တိုက်ခိုက်ခဲ့သည်[၂၆]။

စစ်ကောင်စီတပ်များ အနေဖြင့် KIA ထိန်းချုပ်နယ်မြေအတွင်းရှိ အရပ်သားနေရာများအား သတိပေးမှု တစုံတရာမပြုလုပ်ဘဲ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းသည် KIA အား ထိုးစစ်များ ပိုမို ဆင်နွှဲလာမည်ကို သတိပေးနေသကဲ့သို့ဖြစ်သည်။

---

၂၀။ Myanmar: 28 civilians killed in military air strike- new investigation and witness testimony", Amnesty International, October 13th 2023

၂၁။ "Myanmar: Airstrike on village an apparent war crime", Human Rights Watch, October 17th 2023

၂၂။ 'လိုင်ဇာအနီး ကျေးရွာတရွာကို စစ်ကောင်စီတပ်က လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်'။ DVB, 28th August 2023.

၂၃။ 'လိုင်ဇာမြို့အနီးတဝိုက်ကို လက်နက်ကြီးများပစ်ခတ်၍ ၂ ဦး ဒဏ်ရာရ'။ DVB, 10th September 2023.

၂၄။ 'မိုးမောက်မြို့နယ် မဒီးယန်းနှင့် အောင်ဂျာယန်ရွာအနီးကို စစ်တပ်က ဗုံးကြဲတိုက်ခိုက်'။ DVB, 26th September 2023.

၂၅။ 'လိုင်ဇာမြို့အနီးကို စစ်ကောင်စီတပ်က တိုက်လေယဉ်လေးစီးဖြင့် လေကြောင်းတိုက်ခိုက်'။ DVB, 1st November 2023.

၂၆။ 'လိုင်ဇာမြို့အနီးတကို စစ်ကောင်စီတပ်က အပြင်းအထန် ဗုံးကြဲတိုက်ခိုက်'။ DVB, 2nd November 2023.

၂၀၂၂ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် စစ်ကောင် စီတပ်များက လိုင်ဇာအနီးရှိ မုန်လိုင်ခတ်စခန်းကို ပစ်ခတ်ခြင်းနှင့် နိုဝင်ဘာလ ၅ ရက်နေ့တွင် မိုင်ဂျာယန်ရှိ အရပ်သားများ နေထိုင်ရာသို့ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည်[၂၇]။

မုန်လိုင်ခတ်စခန်း တိုက်ခိုက်မှုနှင့်ပတ်သက်ပြီး စခန်းအတွင်းရှိနေသည့် အားဆန်က သူမ၏ အတွေ့အကြုံကို ယခုလိုပြောသည် *"ကျမတို့အိပ်နေတုန်း ဖြစ်သွားတာပဲ။ လက်နက်ကြီး မိုးပေါ်က ကျလာတယ်လို့ထင်တယ်။ ပေါက်ကွဲမှုကြောင့် ကျမတို့နိုးလာပြီး သေကုန်မှာပဲလို့ ထင်ခဲ့တယ်။ အဲဒါကြောင့် အိပ်ယာထဲမှာ ဆက်နေလိုက်တယ်။ သိပ်မကြာဘူး ကျမကလေး ၃ ယောက်ထဲက အငယ်ဆုံး က လေးကို နှိုးလိုက်တယ် ဒါပေမယ့် သူသတိမေ့နေပုံရတယ်။ အဲဒါကြောင့် သူ့ကို ကျမကျောမှာပိုးလိုက် တယ်။ နောက်ထပ်ကလေး ၂ ယောက်လည်း နိုးလာတယ်။ ဒါကြောင့် လမ်းတဖက်ခြမ်းက စစ်ရှောင်တွေအတွက် ယာယီဗုံးခိုကျင်းထဲ သွားနေလိုက်တယ်။ နောက်ထပ်ဗုံးတလုံး ပေါက်ကွဲတော့ စခန်းထဲက ကျန်တဲ့သူတွေကို ကျမခေါ်လိုက်တယ် ဒါနဲ့ သူတို့ဗုံးခိုကျင်းထဲလာနေကြတယ်။ ကျမတို့အားလုံး အံ့သြမင်သက်နေပြီး တယောက်နဲ့တယောက် စကားမပြောနိုင်ဘူးဖြစ်နေတယ်။ ကျမသူငယ်ချင်း တချို့ကတော့လေယာဉ်သံကြားတယ် ပြောတယ်။ ကျမတို့လက်နက်ကြီးနဲ့ ပစ်ခံနေရတာ ရိုးနေပြီ ဒါကြောင့်ဘယ်လို အန္တရာယ်ကင်းအောင်ရှောင်ရမယ်ဆိုတာ သိတယ်။ ဒါပေမယ့် အခုလိုမျိုးပေါက်ကွဲမှုမျိုး အရင်ကမကြုံဖူးဘူး။ ဗုံးတိုက်ရိုက်ထိတဲ့နေရာကို တွေ့တော့ လေယာဉ်ပေါ်က ပစ်ချတယ် လို့ ထင်တယ်"*။



*မုန်လိုင်ခတ် စခန်းတိုက်ခိုက်ခံရပြီးနောက် အကြီးအကျယ် ပျက်စီးသွားပုံ။ (ဓာတ်ပုံ အောင်ဂျာ)*

---

၂၇။ "Bloodstained Gateway: Escalating SAC abuses in Northern Burma Pave the way for BRI expansion", Kachin Women's Association Thailand (KWAT), 9th October 2023.

*“ကျမတို့ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်တည်ပြီး ရှာထားတဲ့ပစ္စည်းတွေလည်း ဆုံးရှုံးကုန်ပြီ။ ကျမတို့ အသက်မသေဘဲ လွတ်မြောက်လာပြီးနောက် ဒေသခံ အကူအညီ ပေးရေးအဖွဲ့တွေကို ပဲမှီခိုနေရတယ်။ လူတွေအများကြီး သေကြေ၊ ဒဏ်ရာရကြတယ် ကျမတို့ လွတ်မြောက်ဖို့ ကိုယ့်ဘာသာ ကြိုးစားခဲ့ကြတယ်။ ကျမတို့ စခန်းကို နောက်နေ့ တွေ့တော့ ကျမတို့ အံ့သြရ တယ် ဘာကြောင့်လဲဆိုတော့ ဗုံးဒဏ်ကြောင့် အကြီးအကျယ် ပျက်စီးသွားလို့ပဲ။ ကျမတို့ ဒီဖြစ် ရပ်ကနေ စိတ်ဒဏ်ရာ အကြီးအကျယ်ရကြတယ်။ အ ရင်ကလည်း တိုက်ပွဲတွေကြောင့် ကျမ တို့ထွက်ပြေးရတယ်။ ပိုင်ဆိုင်တာတွေလည်း ဆုံးရှုံးရတယ် အခုတခါတည်း ကျမတို့ ဘဝ မြေကြီးက ပြန်စရတော့မယ်။ ကျမတို့ ထပ် ကာတလဲလဲ ဒီလိုပဲကြုံနေရတော့ စိတ်ပျက်မိတာ အမှန်ပဲ။ ဆက်ပြီး အသက်ရှင်ချင်စိတ် တောင် မရှိတော့ဘူး။ ကျမတို့ဘဝကို ဘယ်လို စကား လုံးနဲ့ ဖော်ပြရမလဲမသိတော့ဘူး။ အခုတော့ ကျမတို့အားလုံး ယာယီစခန်းချတဲ့နေရာမှာ ဒုက္ခတွေနဲ့ နေရတယ်”[၂၈]။*

မုန်လိုင်ခတ်စခန်းမှ အသက်မသေလွတ်မြောက်လာသူ ကော့ပန် က သူမ အတွေ့ အကြုံကို ပြောပြရာ-

*“အောက်တိုဘာလ ၉ ရက်နေ့ ည ၇ နာရီလောက်မှာ လေယာဉ်သံကြားတယ် နောက်ပိုင်းတော့ မ ကြားတော့ဘူး။ အရင်ကတော့ လေယာဉ်နဲ့ ဗုံးကြဲတာ လက်နက်ကြီး နဲ့ပစ်တာမျိုးဆို KIA က သတိပေးလေ့ရှိတယ်။ အခင်းဖြစ်တဲ့ညက ကျမတို့ သတိပေး မှု ဘာမှမကြားတော့ ခုလိုမျိုး ပစ်ခတ်ခံရမယ်လို့ မထင်ခဲ့ဘူး။ ကျမနဲ့ သားငယ်လေးအိပ် တော့ ဗုံးဒဏ်ကြောင့် အိမ်ခေါင်မိုးက အစတွေ ပြုတ်ကျလာတယ်။ ကျမ အကူအညီ တောင်းပေမယ့် တယောက်မှ ရောက်မလာကြဘူး။ ကျမအိမ်ကနေ အပြင်ကိုပြေးထွက် လိုက်တော့ မြင်ရတာ ကြောက်စရာပဲ၊ လူတွေညည်းညူနေကြတယ်။ တချို့ကသေနေကြ ပြီး အိမ်တွေမီးလောင်နေတယ်။ ဒါနဲ့ပဲ အဲဒီကနေ လွတ်ရာပြေးခဲ့တယ်။ ကျမဗုံးခိုကျင်း ရောက်တော့ လက်နက်ကြီးပေါက်ကွဲသံ ထပ်ကြားတယ်။ ကျမအထင် အနည်းဆုံး ၄ ကြိမ်လောက် ဖြစ်မယ်ထင်တယ်။ ကျမအိမ်က ဗုံးပေါက်တဲ့နေရာနဲ့ နည်းနည်းလှမ်းတော့ ကျမတို့ ဒဏ်ရာ အနာတ ရတော့ မရကြဘူး ဒါပေမယ့် အိမ်ကတော့ အစိတ်စိတ်အမွှာမွှာ ဖြစ်သွားတယ်။ စခန်းထဲက ဘုရား ကျောင်း ၂ ကျောင်းနဲ့ စာသင်ကျောင်းလည်း ပျက်စီး သွားတယ်။ မုန်လိုင်ခတ်က လိုင်ဇာကနေ အုပ်ချုပ်တဲ့ရွာဖြစ်ခဲ့ပြီး လက်နက်ကြီးနဲ့အကြိမ်*

၂၈။ “ND-Burma interview #1.

“ *ကြိမ်ပစ်ခံရခဲ့တယ်။ အခုတော့ ကျမတို့ ဝေကျောင် စခန်းမှာ ယာယီနေထိုင်ရတယ်။ ကျမတို့ဆန်ကို **HPA** က ရတယ် ဟင်းဖိုး လူတယောက် တနေ့ ၅ ယွမ်ရ တယ် (မြန်မာငွေ ၂၀၀၀ ကျပ်ခန့်နှင့် အမေရိကန်ဒေါ်လာ ၀.၆၈ ခန့်)။ ကျမ ဘာမှ မလိုချင်ဘူး လုံခြုံ စိတ်ချတဲ့ ယာယီနေရာမှာ အသက်ရှင်ဖို့ လုံလောက်ရုံလေးရရင် တော်ပါပြီ။ ဝေကျောင် စခန်းကို ပြောင်းရွှေ့ခဲ့ရပေမယ့်လည်း မုန်လိုင်ခတ်စခန်းလို တိုက်ခိုက်ခံရမှာကို စိုးရိမ်နေကြတယ်*[၂၉]*။*



*စစ်အာဏာရှင်တို့၏ တိုက်ခိုက်မှုအပြီး **IDP** များ လွတ်မြောက်ရာသို့ ထပ်မံပြောင်းရွှေ့ရပြန်သည်။*
*(ဓာတ်ပုံ အောင်ဂျာ)*

---

၂၉။ KWAT interview #2.



# စိတ်ပိုင်း-လူမှုရေးဆိုင်ရာ သက်ရောက်မှု

*"ကျမတို့ လူသားချင်းစာနာတဲ့အကူအညီတချို့ရပါတယ်။ ဒါပေမယ့် ကျမတို့ စိတ်ကျန်းမာရေးအ တွက် နောက်ထပ် နှစ်သိမ့်ဆွေးနွေးမှုတွေ လိုအပ်ပါတယ်။ ဖုန်းမြည်သံကြားရင်တောင် ကျမတို့ ကြောက်လန့်နေပါတယ်[၂၀]"*

မုန်လိုင်ခတ်စခန်း တိုက်ခိုက်ခံရမှုကြောင့် ပျက်စီးဆုံးရှုံးမှုနှင့် လူသေကြေဒဏ်ရာရမှုလည်း များပြားပြီး အသက်ဘေးမှ လွတ်မြောက်လာသူများမှာလည်းလက် ချည်းဗလာသာ ကျန်ခဲ့သည်။ ထို့ကြောင့် အသက်ဘေးမှလွတ်မြောက်လာသူများ၏ လိုအပ်ချက်မှာ ကြီးမားသည်။ မုန်လိုင်ခတ်စခန်း တိုက်ခိုက်မှုမှ လွတ်မြောက်လာသူများအား လူသားချင်းစာနာသည့် အကူအညီ ပေးနေသည့် ဒေသခံတဦးက

*"မုန်လိုင်ခတ်စခန်းက လွတ်မြောက်လာသူတွေ ဝေဂျောင်စခန်းနဲ့ ဘုရားကျောင်းမှာ ယာယီနေထိုင်ကြပါတယ်။ သူတို့အနေနဲ့ အဝတ်အစား၊ စားနပ်ရိက္ခာ၊နေရာထိုင်ခင်း၊ တကိုယ်ရေသန့်ရှင်းရေးနဲ့ အိမ်သာသုံးပစ္စည်းတွေကအစ လိုအပ်ပါတယ်။ ဒေသခံလူသားချင်းစာနာတဲ့ အကူအညီပေးနေတဲ့ IDP Refugee Relief Committee(IRRC) က KIO နဲ့ ပူးပေါင်းပြီး ပြန်လည်နေရာချထားတွေ ဆောင်ရွက် ပေးနေပါတယ်။ စေတနာ့ဝန်ထမ်းတွေက လူတယောက် တနေ့ ၅ ယွမ်နှုန်းနဲ့ စားဖို့သောက်ဖို့ စီစဉ်ပေးပါတယ်။*

၂၀။ ND Burma interview # 1

“

*ဒေသခံ ပြည်သူလူထုကပဲ သူတို့စုပေါင်းထည့်ဝင်တဲ့ငွေနဲ့ အကူအညီပေးနေရတယ်။ အာဏာသိမ်းပြီးချိန်ကတည်းက လိုင်ဇာတဝိုက်မှာရှိတဲ့လူသားချင်းစာနာတဲ့ အကူအညီပေးတဲ့ အဖွဲ့ တွေအနေနဲ့ နိုင်ငံတကာအကူအညီတွေ မရကြပါဘူး။ ကုလသမဂ္ဂအဖွဲ့အစည်းနဲ့ အနောက်နိုင်ငံအစိုးရတွေရဲ့ လူသားချင်းစာနာတဲ့အကူအညီ တင်မဟုတ်ပါဘူး ဒီအတွက် တုန့်ပြန်ဆောင်ရွက်မှုလည်း မရှိကြပါဘူး။ သူတို့အနေနဲ့ (UN လက်အောက်ခံအဖွဲ့အစည်းများနှင့် အနောက်နိုင်ငံအစိုးရများ) မလွှဲသာလို့ စစ်ကောင်စီနဲ့ ပူးပေါင်းလုပ်ဆောင်နေရတယ် ဆိုပေမယ့် ဒေသခံ လူသားချင်းစာနာမှု အကူအ ညီပေးတဲ့အဖွဲ့တွေနဲ့ ညှိနှိုင်းဆောင်ရွက်ပြီး မြေပြင်မှာ အရေးပေါ်အကူအညီတကယ်လိုအပ်သူတွေကို ကူညီပေးသင့်ပါတယ်။ UNICEF အနေနဲ့ စစ်ကောင်စီနဲ့ပေါင်းပြီး MoU ထိုးတာတွေလည်း ကျမတို့ကြားပါတယ်။ ဒါပေမယ့် တကယ်မြေပြင်မှာ အကူအညီလိုအပ်သူတွေအတွက် အခြေအနေပိုပြီးတော့ ဆိုးသထက် ဆိုးစေပါတယ်။ နိုင်ငံတကာ အဖွဲ့အစည်းတွေအနေနဲ့ အရေးပေါ်အကူအညီတွေ လိုအပ်နေတဲ့ပြည်သူတွေကို ကူညီဖို့ ကောင်းမွန်ပြည့်စုံတဲ့ ဗျူဟာတွေ ချမှတ်ဆောင်ရွက်သင့်ပါတယ်”[၃၁]။*



*စစ်အာဏာရှင်တပ်မှ တိုက်ခိုက်ခံရပြီးနောက် အစိတ်စိတ် အမွှာမွှာ ပျက်စီးသွားသည့် နေအိမ်အား စိတ်ပျက်စွာ ကြည့်နေသည့် မုန်လိုင်ခ စခန်းမှ ဒုက္ခသည် တဦး(ဓာတ်ပုံ အောင်ဂျာ)*

၃၁။ ND-Burma interview # 2.

မြန်မာပြည် မြောက်ပိုင်းရှိ အရပ်ဖက်အဖွဲ့အစည်းများအနေဖြင့် ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများအား ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ စစ်ရှောင်ပြည်သူများအား နယ်စပ်ဖြတ် ကျော်၍ အကူအညီပေးရန်နှင့် ဆယ်စုနှစ်နှင့်ချီ၍ မြေပြင်တွင် လူသားချင်းစာနာသည့် အကူအညီ ပေးနေသည့် ဒေသခံတိုင်းရင်းသား အရပ်ဖက်အဖွဲ့အစည်းများအား တိုက်ရိုက်အကူအညီများ ပေး ရန် အကြိမ်ကြိမ် တောင်းဆိုကြသည်[၃၂]။

၂၀၂၃ ခုနှစ် စက်တင်ဘာတွင် ပေါက်ကြားခဲ့သည့် မှတ်တမ်းကို Myanmar Now သတင်းဌာနက ဖော် ပြခဲ့သည့် သတင်းတွင် UNICEF အနေဖြင့် စစ်တပ်ထိန်းချုပ်သည့် လူသားချင်းစာနာသည့် လုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ ၃ သန်းကျော် ခွဲဝေချထားပေးရန် ပြင်ဆင်လုပ်ဆောင်ခဲ့သည်။

ထိုသို့သတင်းများထွက်ပေါ်ပြီးနောက် ၂၀၂၃ ခုနှစ် အောက်တိုဘာတွင် မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီ (SAC-M) မှ ထုတ်ပြန်သည့် "ကုလသမဂ္ဂမှ မြန်မာ့အရေးတွင် မည်သို့ပျက်ကွက်နေ သနည်း" ဆိုသည့် အစီရင်ခံစာတွင် UNICEF, FAO, WHO, IOM, UNAIDS နှင့် UNHCR ကဲ့သို့ ကုလသမဂ္ဂအဖွဲ့အစည်းများသည် ၂၀၂၂နှင့်၂၀၂၃ ခုနှစ်များတွင် စစ်အာဏာရှင်တို့၏ ကိုယ်စားလှယ်များအား အသိအမှတ်ပြုနေသည်[၃၃] ဟုဖော်ပြထားသည်။ အစီရင်ခံစာတွင် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် စစ်အာဏာရှင်တို့အကြား သဘောတူညီချက်များ၊ အစည်းအဝေးများ၊ နားလည်မှုစာချွန်လွှာ၊ သဘောတူစာချုပ်များအကြောင်း ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ပေးရန် တောင်းဆိုသော်လည်း အသေးစိတ် ထုတ်ပြန်ခြင်းမရှိဟု ဖော်ပြထားသည်[၃၄]။ ကုလသမဂ္ဂအနေဖြင့် တိုက်ရိုက် မတုန့်ပြန်သော်လည်း ၂၀၂၂ ခုနှစ် အောက်တိုဘာတွင် ကြားဖြတ်နိုင်ငံအခြေစိုက် ညှိနှိုင်းဆောင်ရွက်သူ ကိုယ်စားလှယ် (RCAI) မှ ကုလသမဂ္ဂဝန်ထမ်းများအား ပေးပို့သည့်စာတွင် ကုလသမဂ္ဂဆောင်ရွက်ချက်များအပေါ် ကာကွယ်ပြောဆို၍ နိုင်ငံတွင်း လက်ရှိဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီး သေချာစွာဆောင်ရွက်ပြီး "ဖြစ်ရပ် တခုချင်းစီနှင့်ပတ်သက်၍ သေချာစွာ ကိုင်တွယ်ဆောင်ရွက်ပြီး အကျိုးရှိမှုနှင့် အန္တရာယ်များကို ခြင့်ချိန်ဆောင်ရွက်ခဲ့သည်" ဟု ဖော်ပြထားသည်[၃၅]။

---

၃၂။ "Urgent Requests: Concerns and Requests Related to the Humanitarian Situation in Kachin and Northern Shan States, Myanmar", Joint Strategy Team, 14th October 2016.

၃၃။ "UNICEF signs $3m agreement with Myanmar junta, leaked documents show", Myanmar Now, 13th September 2023.

၃၄။ "How the UN is failing Myanmar", SAC-M, 3rd October 2023,.

၃၅။ Ibid.

ထိုသို့ ကုလသမဂ္ဂမှ ကာကွယ်ပြောဆိုမှုများ မပြုလုပ်ခင် တလခန့်အလို ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် မြန်မာအရပ်ဖက်အဖွဲ့အစည်း ၆၃၈ ဖွဲ့မှ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံ အိတ် ဖွင့်ပေးစာပေးပို့ကာ ကုလသမဂ္ဂကိုယ်စားလှယ်များနှင့် စစ်အာဏာရှင်တို့အကြား တရားဝင်ဆက်သွယ်ဆောင်ရွက်မှုနှင့် သဘောတူချက်များ လက်မှတ်ရေးထိုးမှုအပေါ် ကန့်ကွက် ရှုံ့ချခဲ့သည်[၃၆]။

SAC-M မှ ၎င်းတို့၏ အစီရင်ခံစာမှ ဆက်လက်၍ ထောက်ပြသည်မှာ UN အဖွဲ့အစည်းများအနေဖြင့် စစ်အာဏာရှင်တို့နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားသော်လည်း အရေးပေါ်အကူအညီများ လိုအပ်နေသည့် ပြည်သူလူထုအား ကူညီခွင့်မရဘဲဖြစ်ကြရသည်။ အစီရင်ခံစာက မကြာသေးမီက တိုက်ခတ်ခဲ့သည့် မုန်တိုင်းကိုသာဓက ပြခဲ့သည်။ *“မိုခါမုန်တိုင်းသည် မေလ ၁၄ ရက်နေ့တွင် မြန်မာနိုင်ငံအနောက်ပိုင်းသို့ ဝင်ရောက်ခဲ့ပြီး အပျက်အစီးများပြားခဲ့သည်။ မုန်တိုင်းကြောင့် လူ ၅ သန်းခဲ့ဒုက္ခရောက်ခဲ့သည်။ OCHA အနေဖြင့် ထိခိုက်မှုအများဆုံးဖြစ်ခဲ့သည့် ပြည်နယ် ၅ ခုရှိ လူဦးရေ ၁.၆ သန်းအား အကူအညီပေးရန် တောင်းဆိုခဲ့သော်လည်း စစ်အာဏာရှင်တို့က UN နှင့် နိုင်ငံတကာ လူသားချင်းစာနာမှုအကူအညီပေးသည့်အဖွဲ့များအား မုန်တိုင်းကြောင့် ထိခိုက်ခဲ့သည့် ဒေသများအား သွားရောက် အကူအညီပေးရန် ငြင်းဆိုခဲ့သည်[၃၇]။*



*စစ်အာဏာရှင်တို့၏ ကြောက်မက်ဖွယ် တိုက်ခိုက်မှုအတွင်း မုန်လိုင်ခတ်စခန်းမှ ကလေး ငယ် ၁၁ ဦး အပါဝင် သေဆုံးသွားသူ ၂၉ ဦး၏ ဈာပန အခမ်းအနား။ (ဓာတ်ပုံ အောင်ဂျာ)*

---

၃၆။ Ibid.

၃၇။ “LETTER TO THE UN SECRETARY-GENERAL: REGARDING UN AGENCIES, FUNDS, PROGRAMMES AND OTHER ENTITIES ENGAGEMENT WITH THE MILITARY JUNTA”, PROGRESSIVE VOICE, 23RD SEPTEMBER 2023.



# စစ်အာဏာရှင်တို့ကျူးလွန်သည့် စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ပြစ်မှုများ

*"စစ်ရာဇဝတ်မှုဆိုသည်မှာ လက်နက်ကိုင်ပဋိပက္ခအတွင်း အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာ ထောက်ထားမှုဥပဒေ (IHL) ဟု သိကြသော နိုင်ငံတကာ စစ်စည်းမျဉ်းများကို ဖောက်ဖျက် ကျူးလွန် သည့်လုပ်ရပ်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာ ထောက်ထားမှုဥပဒေက စစ်ပွဲအ တွင်း လုပ်ရပ်များကို ကြပ်မတ်ထိန်းကျောင်းသည်။ ၎င်းသည် အလွန်အကျွံ ထိခိုက်ဒဏ်ရာရခြင်း၊ သေဆုံးခြင်း သို့မဟုတ် ပျက်စီးစေမည့် စစ်ရေးလုပ်ဆောင်မှုများကို တားမြစ်ခြင်း၊ လက်နက်ကိုင်နှင့် အရပ်သားအကြား ခွဲခြားခြင်းနှင့်၊ အရပ်သားများအား ထိခိုက်နစ်နာမှု မရှိအောင် သို့မဟုတ် နည်းပါး အောင် ဆောင်ရွက်ခြင်း စသည့် အခြေခံသဘောတရားများပေါ် အခြေခံထားသည်။ ဤအခြေခံ မှုများ ကို ဖောက်ဖျက်သည့်လုပ်ရပ်သည် စစ်ရာဇဝတ်မှုဖြစ်သည်"*[၃၈]။

ယခုအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းရာတွင် မြန်မာစစ်တပ်၏ လိုင်ဇာ ဒေသသို့ ထိုးစစ်ဆင် တိုက်ခိုက်မှုများ ဇူလိုင်လ ၃ ရက်နေ့ကတည်းက မြင့်တက်ခဲ့ပြီး KIA နှင့် တိုက်ပွဲဖြစ်ရာတွင် လမ်းများ ပိတ်ဆို့ခြင်းနှင့် မြေပြင်မှ ထိုးစစ်ဆင်ခြင်းများ ဆင်နွှဲခဲ့သည်ဟု ဒေသတွင်း လူသားချင်းစာနာမှုအကူ အညီပေးနေသည့် သူတဦးက ထောက်ပြသည်။ ထိုသို့ထိုးစစ်ဆင်သော်လည်း KIA အနေဖြင့် ၎င်းတို့ ထိန်းချုပ်ထား သည့် နယ်မြေကို ကာကွယ်နိုင်ပြီး တချို့စခန်းများကို သိမ်းပိုက်ရရှိခဲ့သည်။ နှစ်ဖက်

---

၃၈။ "How the UN is failing Myanmar" in 3rd October 2023, SAC-M.

ထိခိုက် ကျဆုံးမှုများ ရှိသော်လည်း စစ်အာဏာရှင်များဘက်မှ ထိခိုက် သေဆုံးမှု ပိုများခဲ့သည်။ ထို့ ကြောင့် စစ်တပ်က ဒေသခံပြည်သူများအပေါ် လက်တုန့်ပြန်မှုများ မြင့်တက်လာသည်။

မုန်လိုင်ခတ် တိုက်ခိုက်မှုအတွင်း အသက်ဘေးမှ လွတ်မြောက်လာသူတဦးက သူ့အမြင်ကို ယခုလိုပြောသည် *"ကျမအမြင်တော့ စစ်ကောင်စီအနေနဲ့ ဒီဒေသတဝိုက်က မြေပြင်အခြေအနေကို သိရှိပြီးဖြစ်တယ်။ ဒါကြောင့် ဘယ်နေရာက စစ်စခန်းတွေ (KIO/KIA) နဲ့ ဘယ်နေရာမှာ အရပ်သားတွေ နေလဲဆိုတာ အတိအကျသိထားတယ်။ အခုအရပ်သားတွေရှိတဲ့နေရာကို တိုက်ခိုက်တဲ့အတွက် သူတို့ဟာ အရပ်သားတွေကို ပစ်မှတ်ထားတယ်ဆိုတာ ထင်ရှားတယ်"*[၃၉]။

ဆယ်စုနှစ်များစွာဖြစ်ပွားနေသည့် တိုက်ပွဲများအတွင်း အရပ်သားနေရာအပေါ် ပစ်မှတ်ထားတိုက် ခိုက်မှုနှင့် အကျွမ်းတဝင်ဖြစ်နေသည့် စစ်တပ်သည် မုန်လိုင်ခတ်စခန်း တိုက်ခိုက်မှုဖြစ်စဉ်တွင်လည်း နိုင်ငံတကာလူသားချင်းစာနာသည့် ဥပဒေကို ဖောက်ဖျက်သည်မှာ ထင်ရှားသည်[၄၀]။ ယခုသုတေသန ပြုချက်မှလည်း မုန်လိုင်ခတ်စခန်း တိုက်ခိုက်မှုတွင် သတ်ဖြတ်ခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းတို့သည် လူသားများအပေါ် ဆန့်ကျင်သည့်ပြစ်မှု (CAH) တွင် အကျုံးဝင်နိုင်သည်။ "အရပ်သားများအား နေရာတစ်နေရာတွင် သို့မဟုတ် နယ်မြေတစ်ခုလုံးတွင် နေရာအနှံ့ သို့မဟုတ် စနစ်တကျ အစီအစဉ်ချတိုက်ခိုက်မှုတွင် အစိတ်အပိုင်းတခုအဖြစ် ကျူးလွန်သည့် လုပ်ရပ်ဆိုပြီး အဓိပ္ပါယ် ဖွင့်ဆိုထား သည်။ အရပ်သားများကို အကြမ်းဖက်သည့် သို့မဟုတ် မတော်မတရားပြုသည့် မည်သည့် ပြုလုပ်မှုကိုမဆို ဤနေရာတွင် တိုက်ခိုက်မှုဟု ယူဆနိုင်သည်"ဟု CAH နှင့်ပတ်သက်၍ သတ်မှတ်ထား ၍ဖြစ်သည်"[၄၁]။

---

၃၉။ "Legal Concepts", IIMM.
၄၀။ ND Burma interview # 1
၄၁။ The Burmese Army is stationed on Hka Ya Bum mountain which is located opposite Laiza since January 2013 so they are familiar with landmarks such as the KIA/KIO headquarter and Mung Lai Hkyet IDP camp.

## နိဂုံး

စစ်အာဏာသိမ်းချိန်ကတည်းကစ၍ KIA သည် စစ်ကိုင်း၊ မကွေးနှင့် မန္တလေး တို့ရှိ PDFs များအား ရုပ်ဝတ္ထုပစ္စည်းနှင့် စစ်ရေးဆိုင်ရာ အကူအညီများ ပေးခဲ့ပြီး အခြား သော EROs များကိုလည်း ဆက်လက်ကူညီခဲ့သည်။ လက်တုန့်ပြန်သည့်အနေဖြင့် စစ်တပ်သည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ မြို့နယ် ကျေးရွာများ အား လေကြောင်းနှင့် လက်နက်ကြီးတို့ဖြင့် တိုးမြှင့်ပစ်ခတ်တိုက် ခိုက်ခဲ့သည့်အတွက် နေရပ်ရင်းမှ ထွက်ပြေးတိမ်းရှောင်မှုများ အကြီးအကျယ် များပြားလာသည်[၄၂]။ မိမိတို့၏ လေ့လာသုတေသနပြုချက်အရ စစ်အာဏာရှင်တို့သည် ၂၀၂၁ ခုနှစ် မအောင်မြင်သည့် အာဏာသိမ်းပြီးချိန်မှစ၍ စစ်ရာဇဝတ်မှုနှင့် လူသားများအပေါ်ကျူးလွန်သည့် ပြစ်မှု များ နိုင်ငံတဝှန်း ကျူးလွန်ခဲ့သည်။

NUG အစိုးရ၏ လူ့အခွင့်အရေးဝန်ကြီးဌာနမှ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၉ ရက်တွင်ထုတ်ပြန်သည့် အထောက်အထားများအရ အစုအပြုံလိုက် သတ်ဖြတ်မှု ၁၅၈ခုဖြစ်ပွား၍ လူပေါင်း ၁,၇၂၃ သေဆုံး ခဲ့သည်ဟု အတည်ပြုထားသည်။ အထိခိုက် အသေဆုံးအများဆုံးမှာ စစ်ကိုင်းတိုင်းဒေသကြီးဖြစ်ပြီး ကချင်ပြည်နယ်၊ ပဲခူး၊ မကွေး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်နီပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ တွင်လည်းများပြားသည်။ စစ်အာဏာရှင်တို့ကျူးလွန်သည့် ရာဇဝတ်မှုများမှာမီးရှို့ခြင်း၊ သတ်ဖြတ်ခြင်း၊ မတရားဖမ်းဆီးခြင်းနှင့် တခြားသော လူ့အခွင့်အရေးချိုးဖောက်မှုပုံစံ များဖြစ်သည်[၄၃]။

ယခုအစီရင်ခံစာနှင့်အတူ လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် မြန်မာနိုင်ငံ (ND-Burma), ကချင်အမျိုး သမီးအစည်းအရုံး (KWAT), လူ့အခွင့်အရေးနှင့် ကောင်းမွန် သည့်အုပ်ချုပ်ရေးအဖွဲ့ (နွေဦးတက္ကသိုလ်) နှင့် နွေဦးမှတ်တမ်း (Spring Archive) တို့မှ စစ်အာဏာရှင်တို့၏ ပြောင်ပြောင်တင်းတင်း ကျူးလွန်သည့် ရာဇဝတ်မှုများ အတွက်အရေးယူဆောင်ရွက်ရန်၊ ဒေသတွင်း အခြေအနေများကို သိရှိနားလည်ပြီး အရေးပေါ်အကူညီ လိုအပ်နေသူများအား ပံ့ပိုးပေးနိုင်သည့် အရပ်ဖက်အဖွဲ့အစည်း

၄၂။ "Legal Concepts", IIMM
၄၃။ "Deadly reprisals: regime steps up attacks on civilians in retaliation for conflict losses in northern Burma", KWAT, June 2021.

များနှင့် ပူးပေါင်း၍ လူသားချင်းစာနာသည့် အကူအညီများ ထိရောက်စွာကူညီနိုင်ရန် နိုင်ငံတကာအသိုင်းအဝိုင်းအား အောက်ပါအကြံပြုချက်များ ပေးပို့ပါသည်။

စစ်အာဏာရှင်တို့သည် အစိုးရမဟုတ်ဘဲ မြန်မာပြည်သူများ၏ ကိုယ်စားပြုခွင့် အပ်နှင်းခံထားရသည့် တရားဝင်အဖွဲ့အစည်းမဟုတ်ပါ။ ထို့ကြောင့် တရားဝင်အကူအညီ ပေးရေးအဖွဲ့အဖြစ် အသိအမှတ်ပြုရန် စစ်အာဏာရှင်တို့ထံ မှတ်ပုံတင်၍ ကြားဝင် ဆောင်ရွက်ရန် ထည့်သွင်းစဉ်းစား မလုပ်ဆောင်သင့်ပေ။

# အကြံပြုချက်များ

- နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာစစ်တပ်အား အရေးယူမှုများ ချမှတ်ပြီး လေယာဉ်ဆီ တင်ပို့ရောင်းချခြင်း ရပ်တန့်ရန်။

- စစ်အာဏာရှင် ထိပ်ပိုင်းခေါင်းဆောင်များအား နိုင်ငံတကာ တရားရုံး (ICC) သို့ လွှဲပြောင်းရန်၊ တရားမျှတမှု ရရှိစေရေးအတွက် NUG နှင့် IIMM တို့မှ သက်သေအထောက်အထားများ အသုံးပြုရန်။

- ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံရှိ အဆိုးရွားဆုံးလူ့အခွင့်အရေးအခြေ အနေများကို နားလည်သဘောပေါက်ပြီး အရေးယူဆုံးဖြတ်ချက်များ အမြန်ဆုံးချမှတ်ရန်။

- ကမ္ဘာလုံးဆိုင်ရာ လက်နက်တင်ပို့ရောင်းချမှု တားမြစ်၍ မြန်မာနိုင်ငံသို့ လက်နက်စီးဆင်းမှု များ ရပ်ဆိုင်းစေရန်။

- ကုလသမဂ္ဂ အထွေထွေညီလာခံနှင့် လူ့အခွင့်အရေးကောင်စီမှ ထိရောက်သည့် ဆုံးဖြတ် ချက်များချမှတ်၍ လူ့အခွင့်အရေးချိုးဖောက်မှုများ ရပ်ဆိုင်းစေရန်။

- ကုလသမဂ္ဂ အေဂျင်စီများအနေဖြင့် ရုံးပုံငွေနှင့် လုပ်ငန်းစဉ်များ ဆောင်ရွက်ရန် စစ်အာဏာ ရှင်တို့အား အစိုးရအဖြစ် အသိအမှတ်ပြု သကဲ့သို့ ဖြစ်စေသည့် ထိတွေ့ဆက်ဆံမှုများ ရပ်ဆိုင်းရန်။

- ASEAN အနေဖြင့် ဘုံသဘောတူချက် ၅ ချက်မှ ကျော်လွန်၍ လုပ်ဆောင်ရန်နှင့် စစ်အာဏာရှင်တို့အား မြန်မာနိုင်ငံကိုယ်စားပြုသူများအဖြစ် အသိအမှတ်မပြုရန်။

- NUG အနေဖြင့် နစ်နာသူများအတွက် ရေတိုနှင့် ရေရှည်အတွက် ကူညီထောက်ပံ့မှုများကို အဓိကဦးစားပေးဆောင်ရွက်ရန်နှင့် မူကြမ်းရေးဆွဲနေသည့် ဖက်ဒရယ်ဒီမိုကရေစီ အခြေခံဥပဒေတွင် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန်အတွက် အာမခံစေရန်။

# ဝေါဟာရ ရှင်းလင်းချက်

AAPP : နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ)

ASEAN : အရှေ့တောင်အာရှ နိုင်ငံများအသင်း

EROs : တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ

HPA : Health Poverty Action (HPA)

IRRC : IDP Refugee Relief Committee

KIA : ကချင်လွတ်လပ်ရေးတပ်မတော်

KIO : ကချင်လွတ်လပ်ရေးအဖွဲ့

KSPN : ကရင်ငြိမ်းချမ်းရေး အထောက်အကူပြုကွန်ရက်

KWAT : ကချင်အမျိုးသမီးအစည်းအရုံး

MoHR : လူ့အခွင့်အရေးဝန်ကြီးဌာန

NUG : အမျိုးသားညီညွတ်ရေးအစိုးရ

PDF : ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့

SAC : နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

SAC-M : မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီ



“အခုဖြစ်ရပ်ကနေ စိတ်ဒဏ်ရာ ပြင်းပြင်းထန်ထန် ရပါတယ်။ အရင်ကလည်း တိုက်ပွဲတွေကြောင့် ထွက်ပြေးခဲ့ရပြီး ရှိတာလေးတွေလည်း ဆုံးရှုံးခဲ့ရပါတယ်။ အခုလည်း ကျမတို့ဘဝကို အစကနေပြန်စရတော့မယ်။ ကျမတို့ ဒီလိုမျိုး ခန ခနကြုံနေရတော့ စိတ်ပျက်မိပြီး အသက်ရှင်ချင်စိတ်တောင် မရှိ တော့ပါဘူး။ ကျမတို့ဘဝကို ဖော်ပြဖို့ သင့်တော်တဲ့ စကားလုံးတောင်ရှာမတွေ့တော့ပါဘူး။ အခု ကျမတို့ ယာယီစခန်းချတဲ့နေရာမှာ အခက်အခဲပေါင်းစုံနဲ့ အတူနေရပါတယ်”

“ကျမတို့ လူသားချင်းစာနာတဲ့ အကူအညီတချို့တော့ ရပါတယ်။ ဒါပေမယ့် ကျမတို့ စိတ်ကျန်းမာရေးအတွက် နှစ်သိမ့်ဆွေးနွေးပေးမှုတွေ ပိုလိုအပ်နေပါတယ်။ ဖုန်းမြည်သံကြားရင်တောင် ကျမတို့ ထိတ်လန့်နေကြရတယ်”

# အောက်တိုဘာလ ၂၀၂၄



ဓာတ်ပုံ -အောင်ဂျာ